# ချူးပေ ယီတိုင်းရင်းသားများ၏ ရှမ်းကျီ(ဗျပ်စောင်း) အက

ယူနန်ပြည်နယ် ဝင်စန်းကျွမ့်တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲ ချူးပေခရိုင်နယ်မြေအတွင်း၌ ယီတိုင်းရင်းသားမျိုးနွယ် အလွန်များပြားပါသည်။ ရိုးရာဓလေ့၊ ဘာသာစကားနှင့်ဝတ်စားဆင်ယင်မှုစသည်တို့မှာ ကွားခြားချက်အချို့ရှိနေသည်။ သို့သော် ရှမ်းကျီ (ကြိုးတပ်တူရိယာ) အကမှာမူ မျိုးနွယ်အားလုံး အသိအမှတ်ပြုကြသော သင်္ကေတလည်းဖြစ်၊ မျိုးနွယ်စုတို့၏ယဉ်ကျေးမှုဆက်ခံသည့် အဓိကနည်းလမ်းလည်းဖြစ်သဖြင့် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေး၏ ထူးခြားသော ယဉ်ကျေးမှုနှောင်ကြိုးတစ်ချောင်းလည်းဖြစ်လာပါသည်။

ချူးပေတွင် ယီတိုင်းရင်းသားလူမျိုးများ စုဝေးနေထိုင်ရာနေရာရှိလျှင် ရှမ်းကျီတေးသံရှိမှာ သေချာပါသည်။ သက်ကြီးသက်ငယ်ကျားမမရွေး လူတိုင်းသိကြသောဆိုရိုးစကားမှ ရှမ်းကျီအကသည် အများ၏နေ့စဉ်ဘဝနှင့်ခွဲခွာနိုင်ကြောင်း သိနိုင်မည်ဖြစ်သည်။ "အစ်ကို၏ရှမ်းကျီသံကို ကြားရလျှင် နှမလေး၏ခြေဖဝါးယားနေပါတော့သတည်း" . . . . . . ။

ချူးပေယီတိုင်းရင်းသားလူမျိုးများ၏ ရှမ်းကျီအကသည် "(၃)များပြား" ထူးခြားချက်ရှိသည်။ ဤသည်ကား တေးသီချင်းများပြားခြင်း၊ ကကွက်အမူအရာများပြားခြင်း၊ ဆက်ခံသူများပြားခြင်းဟူ၍ဖြစ်သည်။ စာရင်းဇယားအရ ရှမ်းကျီအက၏ ကကွက်(၂၄)မျိုး ရှိကြောင်း သိရသည်။ ရှမ်းကျီးအကအတွက် တီးခတ်ပေးသောတူရိယာမှာ ရှမ်းကျီး (ဗျပ်စောင်း)ဖြစ်သည်။ ဗျပ်စောင်း၏ ကိုယ်ထည်ကိုအများအားဖြင့် အဖိုးတန်သောသစ်ကတိုး၊ ပရုတ်သစ်ကြံပိုး၊ သစ်ကျားပင် တို့ဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။ အချို့ကမူ ထင်းရှူးသစ်သားဖြင့် ထုတ်လုပ်ကြသည်။

ဗျပ်စောင်း၏ ခေါင်းပိုင်းကို နဂါးသဏ္ဍာန်အဖြစ် ထုလုပ်ထားပြီး အပေါ်ယံမျက်နှာပြင်တွင် နဂါးပုံ၊ ဇာမဏီပုံများကို ထုလုပ်ကြသည်။ အချို့ကလည်း မှန်အဝိုင်းကိုပါ စီခြယ်လိုက်သည်။ တီးခတ်ပုံတီးခတ်နည်းသည် လူသူအလိုက် ကွာခြားသော်လည်း သမားရိုးကျတီးခတ်နည်းမှာ လက်ယာလက်ခလယ် (သို့)လက်ညှိုး၏လက်သည်းဖြင့် ကြိုးကိုတီးခတ်၍ အသံထွက်ပေါ်စေခြင်းဖြစ်သည်။ ယခု နွားချိုပြား၊ ဝါးပြား (သို့)ပလတ်စတစ်ပြားများကို တီးခတ်သည့်အပြားအဖြစ် အသုံးပြုလာသောကြောင့် အသံအား တိုးမြှင့်နိုင်သည်။ အသံအဝါ ပြုပြင်နိုင်သည်။ တောက်ပမှုမြှင့်တင်နိုင်သည်။ တီးခတ်ရာတွင် အပြားဖြင့်ကြိုးကိုတီးခတ်၍ လက်ညှိုးဖိအား၏ ပြောင်းလဲမှုဖြင့် ကြည်လင်ပြတ်သားသော တွဲဖက်အသံနှင့်လျှော့သံများ ဖြစ်ပေါ်နိုင်သည်။



ချူးပေ၏ ကျေးလက်ဒေသရှိ ဂျုံလုန်းကွင်း (သို့မဟုတ်) မြို့ပြရှိ အပန်းဖြေရင်ပြင်များတွင် လူများကရှမ်းကျီအကကို အမြဲလိုလိုကခုန်ကြသည်။ မီးပုံမီးများတောက်လောင်ပြီး ဗျပ်စောင်းတီးခတ်လာသည့်အခါ သက်ကြီးသက်ငယ်ကျားမမရွေးလက်တွဲ၍ နဂါးကြီးပမာကခုန်ကြသည်။ အထူးသဖြင့် နှစ်စဉ်နဂါးပူဇော်ပွဲ(တရုတ်သက္ကရာဇ်နှစ်လ(၂)ရက်နေ့)၊ မီးတုတ်ပွဲ၊ မျက်နှာပြောင်ပွဲ၊ ငရုတ်သီးပွဲစသည့်ပွဲများကျတိုင်း ရှမ်းကျီအကသည် အစည်းကားဆုံးသောလူထုပျော်ပွဲရွှင်ပွဲများဖြစ်သည်။ လောလောဆယ် ချူးပေယီတိုင်းရင်းသားလူမျိုးများ၏ ရှမ်းကျီအကသည် ယူနန်ပြည်နယ် ပြည်နယ်အဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းထဲ ထည့်သွင်းထားပြီး ဖြစ်သည်။

(လီစွင့်)

# ဆာ့နီလူမျိုးတို့၏ပန်းထိုးထည်များ



► ယီတိုင်းရင်းသားမျိုးနွယ်ဖြစ်သည့် ဆာ့နီလူမျိုးမှအမျိုးသမီးတို့သည် ငယ်စဉ်ကတည်းက ပန်းထိုးခြင်း၊ ပန်းဖော်ခြင်းလက်မှုပညာသင်ယူသည့် ရိုးရာဓလေ့ရှိသည်။ ပန်းထိုးခြင်းအတတ်၏ အဆင့်အတန်းသည် အမျိုးသမီးလေးများ၏ ချစ်ခြင်းမေတ္တာ၊ အိမ်ထောင်ရေးအနိုင်အရှုံးနှင့် တိုက်ရိုက်သက်ဆိုင်နေသည်။ ချစ်ရေးဆိုခြင်း၊ အိမ်ထောင်ဖက်ရွေးချယ်ခြင်းတို့အတွက် အမျိုးသားများအနေနှင့် ပထမဦးဆုံး တောင်းရမ်းမည့်အမှတ်တရလက်ဖွဲ့ပစ္စည်းမှာ အမျိုးသမီးလေးများ၏ ပန်းထိုးလက်ရာဖြစ်သည့်ပန်းခါးစည်းပင်ဖြစ်သည်။

ဆာ့နီမိန်းကလေးတို့မှ ဆောင်းထားသော ပန်းခေါင်းပေါင်းသည် တစ်ကိုယ်လုံးဝတ်စားဆင်ယင်မှုမှ အာရုံအပြုဆုံးသော ပစ္စည်းပင်ဖြစ်သည်။ ယင်းပန်းခေါင်းပေါင်းသည် လှလှပပရယ်ရယ်ပြုံးပြုံးသောမျက်နှာလေးများကို ပိုမိုချောမောလှပအောင် ထင်ဟပ်စေသည်။ ပန်းခေါင်းပေါင်းမှာ အနီ၊ အစိမ်း၊ အပြာ၊ ခရမ်း၊အဝါ၊အနက်၊အဖြူဟူသော အရောင်(၇)မျိုးရှိ ပိုးထည်စဖြင့် ဖော်စပ်ထားပါသည်။ အပြင်ခံစည်းတွင်ငွေထုတ်ပူဖောင်းလေး (ဆာ့နီစကားတွင် " ခါ့စစ်မာ"ဟုခေါ်၏) ဖြင့် စီခြယ်ထားပါသည်။ ကျစ်ဆံမြီးအရှည်ကို ခေါင်းပေါင်းအတွင်း ပတ်ထားသည်။ ခေါင်းပေါင်းအစွန်းနှစ်ဖက်တွင် "ရောင်စုံလိပ်ပြာ" ပုံသဏ္ဍာန်တစ်ကောင်စီ တန်ဆာဆင်ထားသည်။ ယာဖက်တွင်ပုလဲကုံးတစ်တွဲနှင့် နက်ကြုတ်သော ဆံပင်တစ်လက်တွဲကျလျက်ရှိသည်။ ပုလဲကုံးသည် ရင်ဘတ်အထိ တွဲကျထားသည်။ လမ်းလျှောက်ရာတွင် ပုလဲကုံးသည် ဘယ်ယိမ်းညာယိုင်နှင့် အလွန်လှပပါသည်။

ဆာ့နီခေါင်းပေါင်း၏ ဒီဇိုင်းသည် ကောင်းကင်ပေါ်မှ သက်တံ့အတိုင်း ထိုးထားခြင်းဖြစ်ပြီး ရိုးဖြောင့်တည်ကြည်သော ချစ်ခြင်းမေတ္တာအတွက် မီးထဲခုန်ချ၍ အသက်စွန့်ပစ်ခဲ့ရသည့် ချစ်သူစုံတွဲကိုအထိမ်းအမှတ်ပြုမည်ဖြစ်ကြောင်း၊ ယင်းချစ်သူစုံတွဲနှစ်ဦး ကွယ်လွန်သွားပြီး နောက်သက်တံ့အဖြစ် ပြောင်းလဲသွားခဲ့ကြောင်း ပြောစမှတ်ပြုကြသည်။ ထိုကြောင့် မိန်းကလေးတို့က ရောင်စုံသက်တံ့ကို ပန်းထိုးကြပြီး မိမိတို့၏ ခေါင်းပေါ်သို့တင်ထားပြီး မိမိသည် ရိုးဖြောင့်တည်ကြည်သော ချစ်ခြင်းမေတ္တာအပေါ် သစ္စာထားသည်ကို ပြသခြင်းပင်ဖြစ်သည်။

အများအားဖြင့် မိန်းကလေးတို့၏ အဝတ်အစားပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့် ပန်းဒီဇိုင်းပုံစံများကိုပန်းထိုးထားတတ်သည်။ ကိုယ်အပေါ်ပိုင်းမှာ ပန်းဒီဇိုင်းပုံစံများကို ပန်းထိုးထားသည့် အဖြူရောင်၊ အပြာဖျော့ရောင်အင်္ကျီမျိုးကို ဝတ်တတ်သည်။ အဝကျယ်သော အင်္ကျီလက်တွင် ရောင်စုံပိုးထည်စဖြင့် ဇာထည်နှစ်ချောင်း စီခြယ်ထားပါသည်။ ကျောပိုင်းတွင် အနက်ရောင်ဖလန်နယ်ကို အခံအဖြစ် ဖြူစင်သောဆိတ်သားရေ တစ်ပြားခြုံထားပါသည်။ ခါးကြား၌ ပန်းခါးစည်းကို ပတ်ထားပါသည်။ ကိုယ်အောက်ပိုင်းမှာ အနက်ရောင်(သို့မဟုတ်) စိမ်းပြာရောင်စသည့်အရောင်ရင့်ဇာထည် ဘောင်းဘီပွ ဝတ်ဆင်ထားသည်။ ခြေထောက်မှာ ပန်းထိုးထားသည့် ဖိနပ်စီးထားပါသည်။ အိမ်ထောင်မကျသေးသော အပျိုလေးများသည် ပန်းခေါင်းပေါင်း၏ ဝဲယာနှစ်ဘက်စလုံးတွင် လိပ်ပြာသဏ္ဍာန် အချပ်တစ်ချပ်စီ ထိုးစိုက်ထားသည်။ အိမ်ထောင်ကျပြီးသူ အမျိုးသမီးမှာမူ လိပ်ပြာသဏ္ဍာန်အချပ်နှစ်ချပ်ကို ဖြုတ်ချလိုက်၍ တစ်ချပ်ကို သိမ်းဆည်းထားပြီး နောက်တစ်ချပ်ကို ခေါင်းထိပ်တွင် တင်ထားလေ့ရှိသည်။

ဆာ့နီအမျိုးသမီးတို့၏ အကျွမ်းကျင်ဆုံးသောအတတ်မှာ ပန်းဖော်ခြင်းဖြစ်သည်။အများအားဖြင့် ဂဲသြ မေတြီပုံ၊ နေလနက္ခတ်ပုံ၊ ရောင်စုံတိမ်၊ အစိမ်းရောင်တောင်၊ အပြာရောင်ရေ၊ ပန်းပွင့်၊ သတ္တဝါနှင့် ရုက္ခပင်ပုံသဏ္ဍာန်ပါသော ပုံပြောင်းအစင်းကြောင်းများဖြင့် ဟန်နေဟန်ထားရိုးစင်းလှပသော ဒီဇိုင်းများကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ နေ့စဉ်ဘဝတွင် တွေ့မြင်နိုင်သော လှပသောအရာမှန်သမျှကို ဆာ့နီအမျိုးသမီးတို့၏ သွက်လက်သော လက်နှစ်ဖက်ဖြင့် လက်ရာမြောက်သော ဒီဇိုင်းများအဖြစ် အဝတ်အစားပေါ်တွင် ပန်းထိုးကြတော့သည်။